**_Burmese_**

***မိဘ (သို.) အုပ်ထိန်းသူ။ ။ကျောင်းလမ်းညွှန်စာအုပ်အတွက် အချက်အလက်များ ထုတ်ဝေရန် သဘောမတူမှသာ ဤပုံစံစာရွက် တစ်ခုလုံးကို ဖြည့်စွက်ပြီး ပြန်ပို.ပေးပါ***

## Chapel Hill-Carrboro (ချာပါလ်ဟီး-ကာဘိုရို) မြို.ကျောင်းများ

# ကျောင်း/သား လမ်းညွှန်စာအုပ် အချက်အလက်များအတွက် ငြင်းပယ်သည့် ပုံစံလွှာ

ချစ်ခင်ရသော မိဘ/အုပ်ထိန်းသူများ။ ။

သင့်သား/သမီးများ၏ ပညာရေးမှတ်တမ်းများမှ မှတ်သားဖွယ်ရာ ကိုယ်ရေးကိုယ်တာ အကြောင်းအရာများအား မဖွင့်ပြမီတွင် သဘောတူညီမှုကို စာရေးသားခြင်းအားဖြင့် နိုင်ငံတော် ဥပဒေဖြစ်သည့် မိသားစုပညာရေး အခွင့်အရေးနှင့် ကိုယ်ရေးကိုယ်တာ လုံခြုံရေး အက်ဥပဒေသည် (The Family Educational Rights and Privacy Act-FERPA) မြို.နယ်ကျောင်းအား တောင်းဆိုထားပါသည်။ သို.ရာတွင်၊ မြို.နယ်ရုံး၏ လုပ်ထုံးလုပ်နည်းများနှင့် ဆန်.ကျင်မှုရှိသော အကြောင်းအရာကို သင်အကြောင်းကြားခဲ့ခြင်းမရှိပါက၊ "ကျောင်းလမ်းညွှန်စာအုပ် အချက်အလက်များ" အတွက်သာ အချက်အလက်များထည့်သွင်းရန် ရည်ရွယ်ထားပါက ကြိုတင် သဘောသူညီမှုကို စာအားဖြင့် ရယူမှုလုပ်ရန် မလိုဘဲ ကျောင်းသည် ကျောင်းသူ/သားများ၏ အချို.သော အချက်အလက်များကို ဖေါ်ပြနိုင်သည်။

မြို.နယ်ရုံးမှ လမ်းညွှန်စာအုပ် အချက်အလက်များကို အဓိက အသုံးပြုမည်မှာ အချို.သော ကျောင်းများ ထုတ်ဝေသည့် အရာများတွင် ဤကဲ့သို.သော အချက်အလက်များကို ထည့်သွင်းလိုသောကြောင့် ဖြစ်သည်။ ဤကဲ့သို. ထုတ်ဝေခြင်းသည် အကြမ်းအားဖြင့် အန္တရာယ် မရှိသည့်အပြင် ကိုယ်ရေးကိုယ်တာ လုံခြုံမှု ကျူးကျော်ခြင်းလည်း မရှိနိုင်ဟု ယူဆထားပါသည်။ ကျောင်းဆိုင်ရာ ထုတ်ဝေသော သာဓက အကြောင်းအရာ အချို.မှာ။ ။

- *ပြဇါတ် သို.မဟုတ် ဂီတရေးရာ ထုတ်လုပ်ခြင်းတွင် သင့်သား၊သမီး ပါဝင်သော အခန်းကဏ္ဍကို ပြသထားသော ကြော်ငြာ သို.မဟုတ် အစီအစဉ်။*
- *နှစ်စဉ်ထုတ် နှစ်ချုပ်ပုံရုပ်များစာအုပ်*
- *ကျောင်း သို.မဟုတ် သတင်းစာထဲတွင် ပုံနှိပ်ထုတ်ဝေထားသော ထူးချွန်တန်း သို.မဟုတ် အခြားအသိအမှတ်ပြုထားသော စာရင်းများ*
- *ဘွဲ.နှင်းသဘင် အစီအစဉ်များ*
- *အားကစားသမားများ၏ အရပ်နှင့် ကိုယ်အလေးချိန် အတိုင်းအတာများ ပါဝင်သော အမေရိကန်ဘော်လုံး အားကစားအစီအစဉ် ကဲ့သို.သော အားကစား စာရင်းအင်းများ*
- *ကျောင်း သို.မဟုတ် ကျောင်းမြို.နယ်ရုံး ဝက်ဘ်ဆိုဒ်*

လမ်းညွှန်စာအုပ် အချက်အလက်များသည် ပြင်ပ အဖွဲ.အစည်းများထံသို. စာအားဖြင့် မိဘ၏ သဘောတူညီမှုကို ဦးစွာ ရယူခြင်း မလိုအပ်ဘဲ ဖြန်.ဝေနိုင်ပါသည်။ ပါဝင်သော အချို.ပြင်ပအဖွဲ.အစည်းများတွင်၊ ကျောင်းသူ/သားများ တက်ရောက်ရန် ကြိုးစားနေသော အဆင့်မြင့် ပညာသင်ကျောင်းများ (ပညာရေးမှတ်တမ်းများ၊ စသည်တို.)၊ ပညာသင်ဆု အစီအစဉ်များ၊ ပြည်နယ် သို.မဟုတ် နိုင်ငံတော် အစိုးရအဖွဲ.များမှ စာရင်းစစ်၊ ပညာရေးအစီအစဉ်များ လေ့လာသုံးသပ်ချက်များ၊ ကျောင်းလက်စွပ် ထုတ်လုပ်သူများ၊ သို.မဟုတ် ပြဋ္ဌါန်းထားသော ပြည်နယ် သို.မဟုတ် နိုင်ငံတော် ဥပဒေများ၊ တရားရုံးသို. ဆင့်ခေါ်စာ တို.ပါဝင်သည်။

လမ်းညွှန်စာအုပ်နှင့် ပတ်သက်ပြီး မြို့နယ်ကျောင်းရုံးမှ အောက်ပါ အချက်အလက်များ ပါဝင်ရန် သတ်မှတ်ထားသည်။ ။

- *ကျောင်းသူ/သား နာမည်*
- *ကျောင်းသူ/သား၏ နောက်ဆုံးတက်ရောက်ခဲ့သော ကျောင်း သို့မဟုတ် ပညာသင်ရာ အဖွဲ့အစည်း*
- *အတန်းပညာ အဆင့်*
- *တရားဝင် အသိအမှတ်ပြုထားသော လှုပ်ရှားမှုများနှင့် အားကစားများတွင် ပါဝင်မှု၊ အားကစားအဖွဲ့ဝင်များ၏ ကိုယ်အလေးချိန်နှင့် အရပ်အတိုင်းအတာများ*
- *လိပ်စာ၊ အီးမေးလ်လိပ်စာနှင့် တယ်လီဖုန်း နံပါတ်များ ( ဥပဒေ တောင်းဆိုချက်အတွက်သာ သို့မဟုတ် PTA နှင့် PTSA လမ်းညွှန်များ စာအုပ်အတွက်သာ)*
- *ကျောင်းသူ/သားများ၏ လုပ်ဆောင်ချက်များ ဖော်ပြထားသော ကျောင်းတစ်ကျောင်း သို့မဟုတ် ကျောင်းခန်းတစ်ခုခု၏ ဝက်ဘ်စာမျက်နှာ သို့မဟုတ် ကျောင်းသူ/သားများ၏ လှုပ်ရှားမှုများ သို့မဟုတ် သူတို့၏ ဆောင်ရွက်ချက်များ ပါဝင်သော ဓါတ်ပုံများ/ဗီဒီယိုများ (ဓါတ်ပုံများ သို့မဟုတ် အသံသွင်းခြင်း/ဗီဒီယို ရိုက်ကူးခြင်းတို့တွင် ကျောင်းသူ/သား၏ ရှေ့ဆုံးနာမည်သာ ထည့်ထားပြီး၊ ကျောင်းသူ/သား၏ အခြားအကြောင်းအရာ အချက်အလက်များ ပါဝင်မည် မဟုတ်ပါ။)*
- *ရိုက်ကူးထားသော ဓါတ်ပုံ သို့မဟုတ် ဗီဒီယိုတို့မှ လျှို့ဝှက်သတင်းအချက်အလက်များ ဖော်ထုတ်နေခြင်း မရှိပါက ကျောင်းဘားစ်ကားများ၊ ကျောင်းမြေပြင်အတွင်း၊ ကျောင်းအဆောက်အဦများနှင့် ကျောင်းဆိုင်ရာ လှုပ်ရှားမှုများမှ ရိုက်ကူးထားသော ပုံများ သို့မဟုတ် ဗီဒီယိုများ*
- *ဘွဲ့ယူသည့်နေ့နှင့် တက်ရောက်သည့်ရက်စွဲများ*
- *ဒီပလိုမာများ၊ သင်တန်းဆင်းလက်မှတ်များနှင့် လက်ခံရရှိခဲ့သည့်ဆုများ*

အကယ်၍ သင့်ထံမှ အရေးအသားအားဖြင့် သဘောတူညီမှုကို ဦးစွာ မရယူဘဲ သင်၏ သင့်သား/သမီး အကြောင်းအရာနှင့် ပတ်သက်ပြီး ကျောင်းလမ်းညွှန်အတွက် အချက်အလက်များ ထုတ်ဝေရန် မလိုလားပါက၊ သင်သည် ကျောင်းမြို့နယ်ရုံးသို့ စာရေးသားခြင်းဖြင့် ကြိုတင်အကြောင်းကြားရမည်။

သင်၏ သား/သမီး၏ ကျောင်းလမ်းညွှန်အတွက် အချက်အလက်များ ထုတ်ဝေရန် **မလိုလားပါက၊** ကျေးဇူးပြုပြီး နောက်တစ်မျက်နှာမှ ပုံစံစာရွက်ကို ဖြည့်စွက်ပြီး ပြန်ပို့ပေးပါ။ ကျောင်းအုပ်ချုပ်ရေးရုံးမှ သင်ပြန်လည် ပေးပို့ထားသော ပုံစံကို လက်ခံရရှိသည်နှင့် တစ်ပြိုင်နက်၊ သင့်ပုံစံလွှာစာရွက် လက်ခံရရှိပြီးဖြစ်ကြောင်း သေချာစေရန် သင့်အား အဆက်အသွယ် ပြုပါလိမ့်မည်။

---------------------------------------------------------------------------------------------------------------

**မိဘ သို.မဟုတ် အုပ်ထိန်းသူ။ ။ ကျောင်းလမ်းညွှန်အတွက် အချက်အလက်များ ထုတ်ဝေရန် သဘောမတူမှသာ ဤပုံစံစာရွက် တစ်ခုလုံးကို ဖြည့်စွက်ပြီး ပြန်ပို.ပေးပါ။ သား/သမီး တစ်ယောက်စီတိုင်းအတွက် ပုံစံလွှာကို သီးခြားစီ ဖြည့်စွက်ပေးပြီး သား/သမီး၏ ကျောင်းသို. ပြန်လည်အပ်နှံပေးပါ။**

ကျွန်တော်၏ သား/သမီး၏ လမ်းညွှန်စာအုပ် အချက်အလက်များကို ဖေါ်ပြရန် မလိုလားပါ၊ အောက်ပါအကြောင်းအရာ တစ်ခု ကို တောင်းဆိုလိုပါသည်။ ။

[ ] ကျွန်တော့် ကျောင်းသူ/သား လမ်းညွှန်စာအုပ် အချက်အလက်များကို မည်သည့်အချိန်တွင်ဖြစ်ဖြစ် ထုတ်ဝေခြင်း မပြုပါနှင့်။

[ ] PTA/PTSA လမ်းညွှန်စာအုပ်အတွက်မှလွဲပြီး၊ ကျွန်တော့် ကျောင်းသူ/သား လမ်းညွှန်စာအုပ် အချက်အလက်များကို မည်သည့်အချိန်တွင်ဖြစ်ဖြစ် ထုတ်ဝေခြင်း မပြုပါနှင့်။

[ ] ကျွန်တော့် ကျောင်းသူ/သား လမ်းညွှန်စာအုပ် အချက်အလက်များကို စာအားဖြင့် သဘောတူ လက်မှတ်ထိုးခြင်း မပြုဘဲလျက် ဖြန့်ဝေခြင်း မပြုပါနှင့်။

ကျောင်းသူ/သား နာမည်။ ။ ____________________ ရက်စွဲ။ ။____________________

ကျောင်း။ ။ ____________________

မိဘ/အုပ်ထိန်းသူ နာမည်။ ။ ____________________

မိဘ/အုပ်ထိန်းသူ ထိုးမြဲလက်မှတ်။ ။ ____________________

လိပ်စာ။ ။ ____________________ မြို.။ ။ ____________________

ပြည်နယ်။ ။ ____________ ဇစ်ကုတ်။ ။ ____________

တယ်လီဖုန်း။ ။ ____________________ အီးမေးလ်လိပ်စာ။ ။ ____________________

## ရုံးသုံးအတွက်သာ

| Student ID #<br>ကျောင်းသူ/သား ID# | Date Received<br>လက်ခံသည့် ရက်စွဲ | School Representative<br>ကျောင်း တာဝန်ခံ | Confirmation Notation<br>အတည်ပြုသည့်အမှတ်အသား |
|---|---|---|---|
| | | | |